


## တက္ကသိုလ်အမှတ်တရ

ကမ္ဘာမျှား

# [illegible]

## တက္ကသိုလ်အမှတ်တရ

### ကဗျာများ



၈-၈-၂၀၁၂ နေ့တွင်
အမှတ်တရ ထုတ်ဝေပါသည်။

# ပုံနှိပ်မှတ်တမ်း

တမိုးထဲအောက်မှာ တက္ကသိုလ်အမှတ်တရ ကဗျာများစာအုပ်ကို မျက်နှာ ဖုံးဒီဇိုင်း နေဝင်းအောင်၊ အတွင်းသရုပ်ဖော်ပုံများကို ကိုအံ၊ ကိုရ၊ တင်မင်းထက်၊ တင်မျိုးထက်၊ သီဟတို့က ရေးဆွဲပေးကြပြီး Black & White Illustration အတွက် သီဟ၊ သူရ တို့မှ ပုံဖော်ကြကာ အတွင်းစာမျက်နှာတွေကို နိုင်လင်း ( စွယ်တော်) နှင့် သီဟတို့က ဖွဲ့စည်းပေးပါတယ်။

တမိုးထဲအောက်မှာ စာအုပ်ကို ဦးစိုးတင်၊ ရွှေပြည်သာစာပေ ထုတ်ဝေပြီး ဦးတင်အောင်ကျော်( မြဲ - ဝ၇ဝ၅၃ ) စွယ်တော်ပုံနှိပ်တိုက်က အတွင်းနှင့်မျက်နှာဖုံး ပုံနှိပ်လုပ်ငန်းတွေကို စီစဉ်ဆောင်ရွက်ပေးပါတယ်။

တမိုးထဲအောက်မှာ စာအုပ်ကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ အုပ်ရေ ၅၀၀ ရိုက်နှိပ်ပြီး တစ်အုပ်ကို တန်ဖိုး (၁၈၀၀) ကျပ်ဖြင့် ရောင်းချပါမည်။

မြန်မာတစ်ပြည်လုံး ဖြန့်ချိရေးကတော့ တမိုးထဲအောက်စာပေ ၂၁၊ ၃ လွှာ၊ ကျီတော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉၅၀၇၀၉၇၁ မှ ဖြစ်ပါတယ်။

<u>ကလောင်စုံ</u>

တစ်မိုးထဲအောက်မှာ တက္ကသိုလ်အမှတ်တရ ကဗျာများ။ ရန်ကုန်မြို့။

ရွှေပြည်သာစာပေ၊ ၂၀၁၂။

၁၀၁စာ၊ ၁၂×၂၁.၅ စင်တီ။

(က) တစ်မိုးထဲအောက်မှာ တက္ကသိုလ်အမှတ်တရ ကဗျာများ

# ✦ မာတိကာ ✦

၁။ တင်မင်းထက် ................... အဓိပတိလမ်း

၂။ ကျော်ဇေနိုင် ................... အင်းလျား

၃။ ဇေထက် ................... စီးချင်းထိုးတဲ့ည

၄။ မနော်ဟရီ ................... သောကြာစကားပင်

၅။ ခိုင်မြဲ ................... တိမ်နဲ့ရေ

၆။ နီမာရှင်း ................... အိပ်မက်မမက်တဲ့ ကောင်းကင်

၇။ မေငြိမ်း ................... ကြေကွဲချိန် ( ရာစုသစ်မြစ်ကျဉ်း)

၈။ မောင်နန္ဒ ................... စုံတွဲ

၉။ သန်းဝင်းထွန်း ................... မိုးကြိုးတေး

၁၀။ သရဝဏ်(ပြည်) ................... နေကြာပန်းကို ထီးမိုးခြင်း

၁၁။ မိုးသွေး ................... မနက်ဖြန်မှာ ပွင့်မယ် ...

၁၂။ နေဆူးသစ် ................... အစာ

၁၃။ ကိုရ ................... နွေဖျား

၁၄။ ညလယ်မိုး ................... ကာလသုံးပါး ဘီယာဆိုင်

၁၅။ ညီဆင်းသစ် ................... နပိုလီယန်

၁၆။ ရှင်ဒေဝီ ................... ၁၃ရက် သောကြာ

| | | |
|---|---|---|
| ၁၇။ လှုမျိုး | .................. | သစ်သီးပုပ် အိုအေစစ် |
| ၁၈။ မိုးသွေး | .................. | သိဒ္ဓတ္ထကို နားလည်ခြင်း |
| ၁၉။ မေငြိမ်း | .................. | Metamorposis |
| ၂၀။ ဒဂ္ဂု | .................. | တနင်္ဂနွေနှင့် သူ့မိတ်ဆွေများအကြောင်း |
| ၂၁။ တင်မင်းထက် | .................. | အေးစက်စက်မီးလျှံ |
| ၂၂။ သရဝဏ်(ပြည်) | .................. | ညစာစားပွဲ |
| ၂၃။ သီဟ | .................. | အဆိပ်သင့်မီးအိမ် |
| ၂၄။ ကျော်ဇောနိုင် | .................. | ဆယ့်နှစ်လရာသီဖွဲ့ |
| ၂၅။ ညလယ်မိုး | .................. | ကိုယ်ရေးကိုယ်တာ |
| ၂၆။ စမ်းသီတာ | .................. | ကျောင်းတော်ရာ |
| ၂၇။ ကိုရ | .................. | ရာသီပြောင်းပွဲ |
| ၂၈။ ညီဆင်းသစ် | .................. | ကမ်းခြေမှာ |
| ၂၉။ နေလင်း | .................. | ကဏ္ဍရမိုး |
| ၃၀။ မောင်နန္ဒ | .................. | ဖမ်းစားမှုညနေ |
| ၃၁။ မေငြိမ်း | .................. | တမ်းချင်း(၁၉၈၆) |
| ၃၂။ သန်းဝင်းထွန်း | .................. | ဘီးတစ်ချောင်းရဲ့ မွေးနေ့ |
| ၃၃။ လှုသွေး | .................. | ဂရင်းလန်ဆောင်းအိပ်မက် |
| ၃၄။ သရဝဏ်(ပြည်) | .................. | ဒါဝင်ရဲ့ဇာတာကို စစ်ဆေးခြင်း |

၃၅။ ကိုရ ................... ရဟတ်

၃၆။ တင်မင်းထက် ................... ဒုတိယတန်းစား

၃၆။ ရဲထွန်း (လှိုင်) ................... မာယာ

၃၈။ နေဆူးသစ် ................... ရေတိမ်ပိုင်းမှတ်တိုင်များ

၃၉။ ရဲလွင် ................... လွဲမှားမှုများ

၄၀။ ကောင်းထက်ညွန့် ................... အိမ်မက်မှတ်တိုင်

၄၁။ မာန်သစ်နိုး ................... အမေ

၄၂။ မောင်နန္ဒ ................... ဘောလုံးပွဲ

၄၃။ ညလယ်မိုး ................... ကမ္ဘာမြေရဲ့ ဧည့်သည်တော်

၄၄။ ကျော်ဇောခိုင် ................... နွေ

၄၅။ နေဆူးသစ် ................... အမှန်အမှား

၄၆။ နီမာရှင်း ................... ပင်လယ်

***Typing and PDF by ................... Noel***

***Published by ..... Myanmar online teashop PDF Team***

# တမိုးထဲအောက်မှာ

*မူလအစ ....*

*အချိန်က ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ အစ၊ နေရာက ရန်ကုန်တက္ကသိုလ် ပင်မ တောင်ငူဆောင်ကင်းတင်း တောင်ပိန္နဲပင်အောက်မှာ စာပေဝါသနာပါတဲ့ တက္ကသိုလ်ပေါင်းစုံ က သူငယ်ချင်းတွေ စုစည်းပြီး ကဗျာစာအုပ်ထုတ်ဖို့ စီစဉ်ခဲ့ရာက စခဲ့တယ်၊ အဲဒီလမှာပဲ စာပေဝါသနာရှင် ( ၁၆ ) ဦးရဲ့ ကဗျာ (၂၃) ပုဒ် အုပ်ရေ ( ၅၀၀) ကို Computer Graphic အသုံးပြုပြီး ပုံနှိပ်ကာ ရန်ကုန်တက္ကသိုလ် ( ပင်မ - RASU၊ လှိုင်၊ ကြည့်မြင်တိုင်၊ ဗိုလ်တထောင်) RIT, ဆေး (၁) နှင့် (၂)၊ မန္တလေးတက္ကသိုလ် (MASU) ၊ ပျဉ်းမနား ရေဆင်း စတဲ့ တက္ကသိုလ်ရပ်ဝန်းတွေမှာ ဖြန့်ဝေခဲ့တယ်၊ ထုတ်ဝေတဲ့လမှာပဲ လက်ကျန် မရှိတော့လောက်အောင် ရောင်းချခဲ့ရတယ်၊ ဒါ ..... သမိုင်းစာမျက်နှာ တစ်ခုပေါ့။*

*(၁၈) နှစ်ကြာပြီးတဲ့နောက် .....*

*၂၀၁၁ နှစ်ကုန်ပိုင်းလောက်မှာ တမိုးထဲအောက်မှာ အဖွဲ့သားတွေ ပြန်ဆုံတွေ့ကြ တယ်၊ ဝါသနာအတိုင်းပေါ့၊ ကဗျာတွေ စာတွေအကြောင်း ပြောကြ ဆိုကြ ငြင်းခုန်ကြရင်းနဲ့ ပိုးကလည်း မကုန်သေးတော့ ကဗျာစာအုပ်ပြန်လုပ်ကြမယ်ဆိုပြီး စီစဉ်ခဲ့ကြတယ်၊ ဒီ တစ်ခေါက်ကျတော့ တမိုးထဲအောက်မှာ အဖွဲ့သားတွေအပြင် တက္ကသိုလ်ပေါင်းစုံမှာ ထုတ်ဝေခဲ့တဲ့ လက်ကမ်းစာစောင်ကဗျာများ၊ လက်ရေးမူ ကဗျာများ၊ ရွက်ပုန်းသီးကဗျာ များစွာကို စုစည်းပြီး တက္ကသိုလ်အမှတ်တရ ကဗျာများအဖြစ် ပြန်လည်စီစဉ် ထုတ်ဝေ ခဲ့ပါတယ်။*

*အမိတက္ကသိုလ်ဆိုတာ ....*

*ခေတ်အဆက်ဆက်မှာ အမိတက္ကသိုလ် အမိုးအောက်မှာ ရောက်ရှိလာခဲ့ ကျောင်းတော်သူ၊ ကျောင်းတော်သားတွေဟာ ကိုယ်ဝါသနာပါရာ အနုပညာ၊ ကိုယ် အားသန်ရာ အားကစား၊ ကိုယ်ယုံကြည်ရာ အမှန်တရားတွေကို လွတ်လွတ်လပ်လပ် တွေးတောခွင့် ကြံဆခွင့် ဖန်တီးခွင့် ပြောဆိုခွင့် ပြသခွင့် လုပ်ကိုင်ခွင့်ရအောင် နည်းမျိုးစုံဖြင့် မဖြစ်မနေ ကြိုးစားခဲ့ကြတယ်။ ဒီလို ဖန်တီးပြသ ပြောဆိုခွင့်ရအောင် လုပ်ဆောင်ကြတဲ့*

အခထဲမှာ ကဗျာဆိုတဲ့ အသံက အကျယ်လောင်ဆုံး ဖြစ်ခဲ့တယ်၊ ပေါက်ကွဲမှုအတွက် ဖြစ်စေ၊ ခံစားမှုအတွက် ဖြစ်စေ၊ လွမ်းဆွတ်မှုအတွက် ဖြစ်စေ၊ ခံစားမှုတွေကို စကားလုံးအနည်းဆုံးနဲ့ လွတ်လွတ်လပ်လပ် ဖော်ထုတ်ပေါက်ကွဲခွင့်ရတာက ကဗျာစာမျက်နှာတွေပေါ်မှာပါပဲ။

ကဗျာဆိုတာ ဆရာ သရဝဏ်(ပြည်) ပြောသလိုပါပဲ ....

အနုနည့်ဆုံး

အကြမ်းတမ်းဆုံး

အတိတ်ဆိတ်ဆုံး

ပြီးတော့ ...

အကျယ်လောင်ဆုံးဟာ

ကဗျာ

နောက်ဆက်တွဲ အစီအစဉ် ....

အမိတက္ကသိုလ် ကျောင်းတော်ကြီးနဲ့ ပက်သတ်ခဲ့တာတွေကို ဘယ်လောက်ပြောပြော ပြောလို့မကုန်နိုင်အောင်ပါပဲ၊ ကိုယ်တက်ရောက် ပညာသင်ကြားခဲ့တဲ့ ကျောင်းတော်အကြောင်း၊ ဘဝ ခရီးလမ်းကို မှန်မှန်ကန်ကန် ရပ်တည်နိုင်အောင် သွန်သင်ပြသဆုံးမပေးခဲ့တဲ့ ဆရာ၊ ဆရာမတွေရဲ့အကြောင်း၊ အတူတကွ ဆုံတွေ့ခဲ့ကြတဲ့ သူငယ်ချင်းတွေရဲ့အကြောင်း၊ ဘွဲ့နှင်းသဘင်ခန်းမ RC ဂျပ်ဆင်စာကြည့်တိုက်ဘေး ဦးချစ်ကဖီး ယမ်းဘီလူး Science နဲ့ Eco ကင်းတင်း အဓိပတိလမ်း မန္တလေးဆောင် အရှေ့က အမှတ်တရ ကျောက်တိုင် သထုံလမ်း မာလာဆောင် အင်းလျားဆောင် လှည်းတန်းဦးထွန်းလင်းခြံလမ်းထဲက အမေ့အိမ် ထမင်းဆိုင် ပြောလို့မကုန်ဆုံးနိုင်တဲ့ အမှတ်တရတွေပါပဲ။ ဘဝမှာ ဒီလိုဆုံတွေ့ခဲ့ကြတာတွေကို ပြန်လည်တွေးတောမိသူတိုင်း ပျော်ရွှင်ကြည်နူးမိမှာ အမှန်ပါပဲ။

*လက်တွဲကြစို့ ....*

*ခေတ်အဆက်ဆက်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းတော်သူ၊ ကျောင်းတော်သားတွေရဲ့ တက္ကသိုလ်ဖြတ်သန်းမှု ပုံရိပ်များ၊ ခေတ်တစ်ခေတ်တိုင်းစီရဲ့ သမိုင်းပုံရိပ် ထင်ဟပ်မှုများ၊ ထူးချွန်ထက်မြက်သော ပညာရှင်များ ပေါ်ထွက်လာခြင်းများ၊ ယဉ်ကျေးမှုနှင့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ နှစ်တရာနီးပါး ရှိခဲ့ပြီးဖြစ်တဲ့ အမိတက္ကသိုလ်ရဲ့ မှတ်တမ်းမှတ်ရာများကို နောက်မျိုးဆက်သစ်များကို ဝေမျှလိုသောဆန္ဒဖြင့် စာအုပ်များအဖြစ် ဆက်လက် ထုတ်ဝေသွားနိုင်ရန် ကြိုးစားဆောင်ရွက်နေပါတယ်၊ စာမူများ၊ သမိုင်းမှတ်တမ်း ဓါတ်ပုံများ၊ ရှားပါးစာအုပ်စာတမ်းများ၊ ရေးသားပေးပို့ကြပါရန် အထူး မေတ္တာရပ်ခံအပ်ပါတယ်။*

*ကျေးဇူးအထူး .....*

*ယခုစာအုပ်ထုတ်ဝေနိုင်ရန်အတွက် အစမှအဆုံးတိုင် ငွေအားလူအား ကူညီပေးသော သူရ(ကိုရ)၊ ကဗျာများ အသုံးပြုခွင့်ပေးသော ဆရာမ မေငြိမ်းနှင့် ချစ်သူငယ်ချင်းများအားလုံး၊ Illustration Design များ ရေးဆွဲပေးပြီး အသုံးပြုခွင့်ပေးသော ကိုနေဝင်းအောင်၊ ကိုအံ၊ ကိုရ၊ တင်မင်းထက်၊ တင်မျိုးထက်၊ သီဟ၊ ဖန်တီးမှု အနုပညာအကြံဉာဏ်ကောင်းများ ပေးအပ်သော ကိုတင်အောင်ကျော် (စွယ်တော်) တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။*

*နာရီတွေကို ရွက်လွှင့်*

*ကဗျာမြစ်ပေါ် ခရီးဆက်*

*မနက်ဖြန်အတွက် တံခါးဖွင့်*

*ငါတို့ခေတ်ရဲ့ သမိုင်းသစ်*

*သီဟ၊ သူရ*

အဓိပတိလမ်း


ဖြောင့်စင်းတဲ့ လမ်းမရဲ့ အဆုံး

ကွေ့ကောက် လှိုင်းထန်ဘဝတွေ

ပြန်လှည့် မရတော့ဘူး ............... ။

တင်မင်းထက်

(၂၀၀၉ ခုနှစ်)



*အင်းလျား*

- ကလေးတွေက

  ငါ့ခြေ ငါ့လက်ပေါ်မှာ

  အိပ်မက်တွေကို စွန့်ပစ်

  ဘဝအစစ်ရှိရာကို

  ပျံသန်းသွားကြသတဲ့ . . .

- ငါနဲ့အတူ ကောင်းကင်ပက်လက်


  ရွက်လှေနှင့် သင်္ဘောရာဇ်တို့

  ငါ့ခန္ဓာကိုယ်ပေါ်နဲ့

  ရင်ထဲ စီးဆင်းသွား . . .

ကျော်ဇောခိုင်

( အမေမျှော်တဲ့မိုး - မှ )


HH
2012

## စီးချင်းထိုးတဲ့ည

စည်းချက်ပျက်ဂီတ
ပုလင်းခွံလွတ်ဟောက်ပက်ည
( ငါ့ကိုလား ... ငါကလား မကွဲပြားတော့တဲ့)
လွတ်လပ်ကာရံ အကြည့်မြားတံချွန်မြ
ကြယ်နှစ်ပွင့် ငါ့ကို ပြုစားကြ။

ငါ ... ရှုံးနိမ့်လုမတတ်ပ
ခြသေ့်ရေခွံခွာ ငန်းရိုင်းမ
ပျော့ဖတ်ဝွမ်းစိုင် ဆုပ်ပက်ကျဲချ
ညကို ညက ပြန်မှိုပြ။

ကောင်မလေးရေ ....
မင်းကိုသာ သတိမရမိခဲ့ရင်
ငါ့နာမည် ငါ ပြန်မေ့လျော့လို့
ငါ့သော့ ငါ ပြန်ဖွင့်မယ့်ည။

အခုမှပဲ


ငန်းရိုင်းပြန်ကြွဆူပုပ်ပွ

ခြသေ့်ဂူဝ ပြန်ထိုင်ချ

ငါ့ကို ငါက ပြန်ပိုင်ရ

ကောင်မလေးရေ ကျေးဇူးပါ။

ထေက်



## သောကြာ စကားပင်

ဘယ်လိုသောကြာနေ့မျိုးလဲ ...

သူမက ခပ်တိုးတိုးလေး ရေရွတ်တယ်

တကယ်ဆိုရင် အကိုင်းအခက် မစုံလင်တော့တဲ့

သောကြာနေ့လေး တစ်နေ့ပေါ့

ဒါပေမယ့် ရေလောင်းပေါင်းသင်မှုတွေအကြောင်း

သူမကို ကျွန်တော် မပြောဖြစ်လိုက်ဘူး

နာရီလက်တံတွေကို မော့ကြည့်တော့ သူတို့က

အမောတကောနဲ့ ပြေးလွှားသွားတယ် ...

ဘယ်လိုအကြောင်းနဲ့မှ ဒီလို မဖြစ်သင့်ဘူးလို့

တားဆီးပေးလို့ ရတဲ့ကိစ္စမှ မဟုတ်ပဲ ...

သစ်ရွက်အကြွေတွေကိုပဲ

ကျွန်တော် လိုက်ကောက်နေလိုက်တယ် ...

တချို့က စိမ်းမြနေတုန်းပဲ။

ဆွဲလက်စ ပန်းချီကားထဲက

အရောင်တွေက နည်းနည်းခါးသက်သက် ဖြစ်နေတယ်

သူမ လက်တပြင်ပြင် ဖြစ်နေတဲ့

သကြားခွက်ကို ကျွန်တော် ဘယ်စိတ်နဲ့ တားရမလဲ

လက်ပြန်တိုက်ပစ်လိုက်မိလို့ မှောက်သွားတဲ့

ကော်ဖီခွက်ကတော့ ကြမ်းပြင်ပေါ်မှာ အတုံးအရုံး

တကယ်တော့ အရှုံးဆိုတာကလည်း

ဘဝနေထိုင်နည်း တစ်မျိုးသက်သက်ပဲ မဟုတ်လား ...

မပြောဖြစ်ကြတဲ့ စကားလုံးတွေက

ပိုမို ကျယ်လောင်ပြင်းပြလွန်းနေခဲ့တယ် ...

ညနေခင်းနဲ့ သူမရဲ့ အသက်ရှူသံမွှမွှ

သဟဇာတ မဖြစ်ခင်မှာပဲ နေက ညိုနေခဲ့ပြီ။

ဘယ်လိုညနေခင်းမျိုးလဲ ... ဆိုတဲ့ ဒုတိယမေးခွန်းက

ကျွန်တော့်ဆီတည့်တည့် ပျံသန်းလာတယ်

ခြသေ့်နှစ်ကောင် စောင့်ကြပ်တဲ့ တံခါးဝမှာက

မျှော်လင့်ချက်တစ်ချို့ အပြိုင်းအရိုင်းကြွေလို့ ...

ကျွန်တော်တို့ အသက်ရှူမှားခဲ့တဲ့ ရေတမာအစိမ်းကတော့

ချိန်းထားတဲ့ ရာသီတိုင်း ရောက်လာခဲ့မြဲ

အလွဲလွဲ အချော်ချော် ဖြစ်ရပ်တွေနဲ့

ခုထိ လပ်ပဟာနေတဲ့ ညာဖက်ရင်အုံက ကွက်လပ်ကိုတော့

ကျွန်တော်ရော သူမရော စကားတပြောပြောနဲ့

မေ့ထားချင်ဟန်ဆောင်ခဲ့ကြရတယ် ...

ရောမသားတွေ ဘယ်လိုနေတယ် မသိပေမယ့်

ကျွန်တော်တို့အတွက်ကတော့ တကယ့်ကို မသက်သာခဲ့ကြပါဘူး ...

လမ်းဟောင်းကလေးအတိုင်း

တစ်လှမ်းချင်း တစ်လှမ်းချင်း လျှောက်ပြန်ခဲ့ကြရတာပါပဲ ...

မတွေ့တော့တာ ကြာနေပြီဖြစ်တဲ့

စကားပင်လေးတစ်ပင်အကြောင်း စကားမစပ်ဖြစ်ကြဘူး

ကဗျာနံပါတ်စဉ် ၈၈ / စစ်ကိုင်းလမ်း / ခြံနံပါတ် (၁) / ကိုနေဝင်း /

ရထားဥဩသံ / ကံကော်ပန်းတစ်ခက်

အဆက်အစပ်မဲ့နေတဲ့ စကားလုံးတွေနဲ့

ခပ်လှမ်းလှမ်း ဘုရားကျောင်းက ခေါင်းလောင်းသံ ...

အခြေအနေ အားလုံးက ပုံမှန်အတိုင်းလို့

ထင်ချင်စရာကောင်းအောင် ပြောင်မြောက်နေခဲ့တယ် ...

ပုံမှန်မဟုတ်တာဆိုလို့

သူမ မမြင်အောင် ကျစ်ကျစ်ပါဆုပ်သိမ်းထားတဲ့

သောကြာအသေတွေရယ် ပြောမပြဖြစ်တဲ့ ပုံပြင်တွေရယ်နဲ့

ကျွန်တော့် နလုံးသားရယ်ပဲ ကျန်ပါတယ် ...

မနော်ဟရီ

၃၀၊ ဇူလိုင်၊ ၂၀၁၁

# ***တိမ်နဲ့ရေ***

တိမ်အတွက်

ရေပူလောင်ရတယ် .... ။

ရေအတွက်

တိမ်ငိုကြွေးရတယ် .... ။

တိမ်နဲ့ရေလိုပါပဲ

ဒီသံသရာထဲမှာ

ဆုံလာတွေ့ရ

အဖွဲ့တွဲ အချင်းချင်း


ညီမျှရင်း

မင်းနဲ့ ငါဟာ

မသိမသာ ပျော်ဝင်သွားတယ်။

နိုင်မြ

(လှိုင်းရဲ့ ပြတင်း - ၁၉၉၃)


KOANT

## အိပ်မက် မမက်တဲ့ ကောင်းကင်

သက္ကရာဇ်တွေကို စီးပြီး

မငြီးမငြူ

ခရီးသွားနေတဲ့သူကို

ငုံကြည့်

ဂရုဏာသက်မိရဲ့။

ညှော်သည်တွေက

ငါ့ဆီက လာသလိုနဲ့

သူ့ဆီကိုပဲ သွားကြ

တားလို့လည်းမရ။


သူ့ခရီးက

မပြီးဆုံးသေးသလို

ငါ့မျက်လုံးတွေလည်း

အိပ်မပျော်ဘူးသေးပါလား။

***နီမာရှင်း***


KOYA
2012

# ကြွေကွဲချိန်

ပန်းတွေကြွေ

လေပြေမတိုက်

မှောင်မိုက်တဲ့ည

ရှုတတအချစ် . . . လွင့်နေ။

ခြောက်သွေ့ မြက်ခင်း

ပူပြင်း တလင်းပြင်

တေးသီခြင်းကင်းလို့

ငြိမ်ဆိတ်ခြင်းနဲ့ အနားသတ်

မြတ်သော နှလုံးလည်းမဲ့

ပြာလွဲ့တဲ့ ကောင်းကင်

ရင်ခွင်ပေါ်ပိသလို

ပီဘီ အကျည်းတန် . . . ။

စိုးရွံ့ဆဲ အသွေးသား


မြားသွားနဲ့ငြိ

ကြမ်းရှတဲ့ အတွေ့အထိမှာ

ငါ . . . အနာတရနဲ့ . . . ။ ။

*မေငြိမ်း*

*ရာစုသစ်မြစ်ကျဉ်း(၁)*



# စုံတွဲ

တစ်ယောက်က

သူ့ဖြစ်ဆဲ ပန်းပွင့်နဲ့

လျှို့ဝှက် တိတ်ဆိတ်မှုကို

ရှက်စနိုးမြင့်တင်

ကမ္ဘာကို အစဉ်စီးဆင်းမယ့်

မိုးစက်ပွင့်ရဲ့တိမ်တစ်တိုက်

ဒါမှမဟုတ်

မြစ်ကြီးတစ်စင်းရဲ့ တာလွှတ်ရာ

မာယာနဲ့ စိတ်ကူးယဉ်လှပ

သူ့နေ့တွေကို အစီအစဉ်ချလို့ . . .

အခြားတစ်ယောက်က

တဒင်္ဂမိန်းမောမှုမှာ

သူ့အပေါင်းအသင်း သူနိုင်မြဲ

တည်ဆောက်ဆံ လမ်းအသစ်

သူ့ဒုက္ခ ဓားမြိုနဲ့

သူ့အတွေ့အကြုံ တတိတ်ချွန်

သူ တီထွင်ရာ အိပ်မက်ထဲ

အအိပ်မက်တဲ့ သူ့တန်ခိုးတွေ နိုးမယ့်သူ ရှာနေရဲ့ . . .

သူတို့

မျက်ဝန်းပေါ်က ချောက်နက်ထဲ

တွေ့ဆုံနစ်မြုပ် နက်ရှိုင်းကြ

တစ်ယောက်မေ့လျော့မှု တစ်ယောက်ကိုင်ဆွဲ

တစ်ယောက်အတွေးထဲ တစ်ယောက်စိမ့်ဝင်

နေ့စဉ်ရဲ့အစကို ပျံသန်းဖို့

တစ်ယောက်ကမ်းပါးပေါ် တစ်ယောက်

ရေကြည်မြက်နုဖို့

တစ်ယောက်အတောင်ပံ တစ်ယောက်


ကမ္ဘာဦးကအတိုင်းပေါ့

နေရောင်ခြည်တွေက

မျှော်လင့်ချက်တွေပေါ် စူးစူးရဲရဲ

ဖြာကျနေဆဲ။ ။

**မောင်နန္ဒ**




***မိုးကြိုတေး***

ဖွင့်ကြ … ရှဲကြ

ပြဇာတ်နောက်ခံ တေးသွားဘဝ

ဘယ်တော့မှ

မရောက်ရဘူးတဲ့

ခပ်ရွှဲ့ရွှဲ့သီချင်းပျိုကလေး

လာပြီ ။ ...

ဆင်ဖိုနီကို အားပြု

နွေအရပ်ရဲ့ လှိုင်းတံပိုးကို

စုပ်ယူထားခဲ့ရတဲ့ သွေးကြောနဲ့

စီးဆင်းကြပါစို့ရဲ့။ ...

ဘင်သံကို မခံမရပ်နိုင်တဲ့

နလုံးအပျော့စားများ နှုတ်ထွက်ပါ

ကခုန်မယ့် ဒူးဆစ်များအတွက်ပဲ

ချဉ်ဆီနည်းနည်းရှိစေ။ ...

စွန့်ပစ်ခံနေ့ရက်တွေလည်း

"၂၄" နာရီမြောက်မှာ ဘဝတစ်ပါး ပြောင်းသွား


ဟော သည်သီချင်းကျတော့

အရှင်လတ်လတ် ၂၄ နှစ်မြောက်မှာ

သီချင်းသက်ကုန်သွား

ဒေါသများ သက်သက်။

*သန်းဝင်းထွဋ်*




## နေကြာပန်းကို ထီးမိုးခြင်း

စကားမပြောတတ်တဲ့ တောင်တန်းတွေကို

ဒိုင်းနမိုက်နဲ့ မခွဲကြပါနဲ့

အဆိပ်သင့် မျိုးစေ့တွေကိုသာ

နလုံးသားထဲကို ရွှေ့လိုက်ပါ။

မြင်ရဲ့လား

အတတ်ပညာတွေနဲ့ ဖျော်ထားတဲ့

ဆားငံရည်တွေ

သွေးရူးသွေးတန်း ဖမ်းဆုပ်လိုက်ရတဲ့

မျှော်လင့်ခြင်းတွေ

ရေသောက်မြစ်မရှိတဲ့ အပင်တွေရဲ့

ဝေဆာမှုတွေ

လျော့ဈေးနဲ့ ဝယ်လိုက်ရတဲ့

ဝါသနာ အတုတွေ

အဲဒါတွေ အကုန်စုပြီး

ဆေးရောင်စုံ ရုပ်ရှင်တစ်ကား

ရိုက်ထားချင်တယ်။

ငါ အံ့ဩတယ်

အရောင် . . .

အရုပ် . . .


အသံများ . . .

မည်မျှပင် ဖြတ်သန်းသွားစေ

ပွဲပြီးတဲ့အခါ

ပိတ်ကားဆိုတာ အဖြူရောင်မျှသာ။

***သရဝဏ်(ပြည်)***



*မနက်ဖြန်မှာပွင့်မယ့်*

*နှင်းဆီတစ်ပွင့်အတွက် ရင်းနှီးမြှုပ်နှံမှု*

အမုန်တရား

ညဉ့်

ရက်စက်ခြင်း

ကဗျာ

ထာဝရသေဆုံးခြင်း

ချစ်သူ။

***မိုးသွေး***

www.mmteashop.com



## အစာ

(၁)

ညအချိန်ရောက်ပြီဆို

သတိထား ကောင်လေးရေ

ပုရွက်ဆိတ်တွေဟာ

ဦးနှောက်ထဲ ဖောက်သောက်ဖို့ပဲ သိတယ်

ကိုယ်တိုင် ရူးနှမ်း သွေးပျက်

ကျမ်းအသစ်တွေ ရွက်ထားရတာ မသိရှာခဲ့ဘူး။

စည်သွတ်ဘူးတွေလဲ မဖွင့်ရဲ . . .

ပေါင်မုန့်တွေလဲ ချန်မထားရဲနဲ့တော့ . . .

(၂)

ဘယ်လိုလဲ ကောင်လေးရေ

မင်းရဲ့ချစ်သူ လက်ဆောင်

ရောင်စုံပုဝါစတွေဟာ

အချိုဓာတ် သိပ်ကဲလွန်းနေပြီလား . . .

ငှါကြောင်အိမ်ထဲက

ပုပ်သိုးသိုး အစာတွေတောင်မှ

ပုရွက်ဆိတ်တွေနဲ့ အထာကျနေခဲ့ရပေါ့ . . .

(၃)

သိပ်ဆာနေပြီလား ကောင်လေးရေ

ပုရွက်ဆိတ်တွေ ပါတာ မပါတာ မကြည့်နဲ့

ရတဲ့အစာ အကုန်စားပစ်လိုက်

ငါ့အတွက်

ဘာမှ မချန်ထားလဲဖြစ်တယ်။

(၄)

အော် . . .

ဒါပေမယ့် ကောင်လေးရေ

ငါအိပ်နေတုန်း အိပ်မက်လှလှလေးတွေတော့

ခိုးမစားလိုက်နဲ့နော်

မနက်မိုးလင်းစ အာရုဏ်ဦးမှာ

ရှင်းကြည်သန့်စွာ

ငါ . . . နိုးထဖို့ ခက်နေလိမ့်မယ်။

**နေဆူးသစ်**

**နေ့ဖျား**

၁၀၈ … ၁၀၉ … ၁၁၀

ကြိုးဝိုင်းထဲက တွက်ရေသံ …

နေကိုဆယ်ယူရင်း

အပူတွေနဲ့ နေ့ကိုခတ်ခဲ့လို့ …

သံဆူးကြိုးဂီတ

အိပ်မက်တွေ အခါခါယင်းထပြီး

စိတ်တံလျှပ်တွေ အဖျားဝင်ခဲ့ပေါ့ …

*ကိုရ*

*မေ - ၂၀၁၂*

မြန်မာအွန်လိုင်းလက်ဖက်ရည်ဆိုင်
WWW.MMTEASHOP.COM



ပုလင်းကို ဖွင့်ထုတ်လိုက်တော့

သိမ်းဆည်းထားတဲ့ အရှိန်အဟုန်

ထိတ်လန့် တုန်လှုပ်သွားလောက်အောင်

ကျယ်လောင်သွားခဲ့ရင်

အားနာတယ်။

ဆီပွက်ပွက်ထဲ လက်ကားယား ပစ်ထည့်ခံစားရတဲ့

ငုံးကြော် .... တစ်ပွဲ

အေးစက်စက် အမှန်းပုံဆောင်ခဲ တစ်ပွဲ၊ ပြီးတော့

ကြော်ငြာကောင်မလေး၊ ဘောလုံးပွဲနဲ့ အသွားထက်ထက်အချစ်

စံနစ်တကျ သားရဲတွင်း၊ တည်ဆောက်ပုံ မှားယွင်းဝါကျများ

အားလုံးပါဝင်သော (၁၂)မျိုးဟင်းချို .... စသည်ဖြင့်


ဘဝကို ခင်းကျင်းထားလိုက်ပုံက

မပစ်ရက်စရာ ....။

ကိုယ့်အရှုံးတွေ ပြန်မျိုချနေရတာကတော့

အခါးဆုံးပဲ . . . . ။

*ညလယ်မိုး*



# နပိုလီယန်

ကလေးတို့ နပိုလီယန်ဗိုနာဘတ်ကို

ဘယ်တုန်းကမွေးတာလည်း

ဆရာကမေးတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်ထောင်ကျော်လောက်ကပါ

ကလေးတွေက ဖြေတယ်

လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်ရာကျော်လောက်ကပါ

ကလေးတွေက ဖြေတယ်

ဘယ်သူမှ မသိကြဘူး။

ကလေးတို့ နပိုလီယန်ဗိုနာဘတ်

ဘာတွေလုပ်ခဲ့သလဲ

ဆရာက မေးတယ်။

စစ်ပွဲတစ်ပွဲ အောင်နိုင်ခဲ့ပါတယ်

ကလေးတွေက ဖြေတယ်

စစ်ပွဲတစ်ပွဲ ရှုံးနိမ့်ခဲ့ပါတယ်

ကလေးတွေက ဖြေတယ်

ဘယ်သူမှ မသိကြဘူး။

ကျွန်တော်တို့ အသားသည်က

နပိုလီယန်လို့ခေါ်တဲ့ ခွေးတစ်ကောင်ကို မွေးထားတယ်တဲ့

ဖရန်ကီးက ပြောတယ်

အသားသည်က ခွေးကိုရိုက်လေ့ရှိတယ်

လွန်ခဲ့တဲ့ တစ်နှစ်က

ခွေးဟာ

အစာငတ်ပြီး သေသွားတယ်။

ခုတော့ ကလေးတွေအားလုံးက


နပိုလီယန်ကို သနားနေကြလေရဲ့။

***ညီဆင်းသစ်***

***Napoleon By Miroslav Holub***

***Czechoslovakis***

မြန်မာအွန်လိုင်းလက်ဖက်ရည်ဆိုင်
WWW.MMTEASHOP.COM



*"13 ရက်၊ သောကြာ"*

တစ်ခုခုများ စပြောဖြစ်ခဲ့ရင်

အဲဒီဝါကျက စတာပါပဲ။

တို့တတွေ အဲ့ဒီ့တုံးက … ။

ဘာတစ်ခုမှ မရှိသူသာ

အောင်မြင်နိုင်မှာပေါ့ဆိုတဲ နှောင်ရိုး သနဂ်နဲ့

တစ်ဘဝလုံးက ရက်စွဲတွေကို

၁၃ ရက် သောကြာနေ့ဖြစ်အောင် ပြောင်းပစ်လိုက်မယ်။

မအဲ့သြနဲ့ ညီမလေးရေ။

ပိုင်းလော့ဖောင်တိန် တစ်ချောင်းကို

လူအယောက် ၆၀ မှာ တစ်ယောက်သာ ဝယ်ယူခွင့် ရမယ့်နေ့

တီထွင်ကြံဆထားတဲ့ စနစ်နဲ့ ရင်ခုန်အောင် ဖန်တီးပေးတဲ့နေ့

ခေတ်ဟောင်းအတွင်း အဲ့ဒီ့နေ့က

၁၃ ဂဏန်းကို ရွေးမိလိုက်တာက

သောကြာနေ့မှာ

ဖောင်တိန်တစ်ချောင်း ဝယ်ခွင့်ရဖို့ ဖြစ်လာခဲ့တယ်။

မအုံ့ညြနဲ့ ညီမလေးရေ။

ငါတို့တွေဟာ ခေတ်သစ်ကြီးထဲမှာ

ပုံပြောကောင်းသူ ဖြစ်လာစေဖို့

ဓားတွေကို သွေး၊ တောင်တွေကို ကျော်၊

သူ့ရဲ့ကောင်းယောင်ဆောင်တဲ့ နေ့တွေလည်း ရှိခဲ့ဖူးတာ

မအုံ့ညြနဲ့ ညီမလေးရေ။ မအုံ့ညြနဲ့။

တို့ခေတ်တို့ခါမှာတော့ တို့အားလုံးဟာ

မော်ဆရာနဲ့ စီးချင်းထိုးခဲ့သူချည်းပါပဲ

မအုံ့ညြနဲ့ ညီမလေးရေ။ မအုံ့ညြနဲ့။

ကဲ့ပါလေ ငြီးငွေ့စရာပုံပြင်တွေက

ညီမလေးရဲ့ပေါ့ပါးလွှင်လန်းနေတဲ့ နေ့စဉ်ဘဝကို

ကောင်းကောင်းကြီး အနှောင့်အယှက် ပြုနိုင်ပုံရပါရဲ့။

မအုံ့ညြနဲ့ ညီမလေးရေ။ မအုံ့ညြနဲ့။

အဲဒီလိုပဲ ငါတို့တွေက တစ်ခေတ်လုံးကို နောက်ခဲ့ကြတာ။

........................................................

အေးပါဟယ်။ နားပါတော့မယ်။ မပြောတော့ပါဘူး။

ရဟာတ်က တစ်ပါတ်မက လည်ခဲ့ပုံပဲ။

အလံကိုင်တွေရဲ့ ပယောဂကြောင့်

လမ်းလွဲချော်ခဲ့တဲ့ ရထားတွေ

နောက်ပြန်တည့်တည့် ခုတ်မောင်းလာခဲ့ရင်တောင်မှ

ဝမ်းမြောက် ဝမ်းသာ မပြောတော့ပါဘူး

ငါ့ ပြက္ခဒိန်မှာသာ

၁၃ ရက် သောကြာနေ့တွေ မပြောင်းစတမ်း။

ရှင်ဒေဝီ



## သစ်သီးပုပ်ဆိုအောစ်

လူ့ဘဝများ

ရခဲတဲ့ကိစ္စလို့

အများယုံကြည်ထားတယ်

ဟာ

ဒါဆိုကျုပ်

သစ်သီးပုတ်စားသူ ဘဝအတွက်

ကျိန်စာစက်သင့်ခဲ့ပြီထင့်။

နာတာရှည် ဖောက်ပြန်ဆဲ

လူမှုအသိုင်းအဝိုင်းမှာ

အကောင်းဟာ အဆိုးဖြစ်

အနက်ဟာ အဖြူဖြစ်

အမှန်တရားဟာ လိမ်ညာခြင်းဖြစ်နေတယ်ဆိုရင်

ကျုပ်ဟာ တဒင်္ဂ မိုန်းမောယစ်မူးရင်း

လတ်တလောဘဝကို ဟန်ကောင်းကောင်းနဲ့

မေ့ထားချင်တယ်။

သစ်သီးပန်းသီး

ရွှန်းလဲ့ရည်နီညိုလဲ့

ဩစတေးလျ

ချိုင်းနား၊ ချင်းတောင်

စုံများလှစွာ ပန်းသီးတွေ

သေချာပတ်ထုပ်

အမြင်ကပ်လောက်အောင် လုပ်ပြနေတယ်။

စျေးသည်ဘေး တောင်းကြီးထဲ

ဘဝခြားပန်းသီးများ

တဝက်ပုတ်၊ တဝက်နာ

တချို့ပိုးထိုးလောက်ကိုက်

တစ်ဖက်ရေလောင်းနဲ့

စုလို့ ပုံလို့

ဘဝတွေ မညီနိုင်လို့

"တစ်လုံးမရ တစ်ဝက်ရလည်း ကောင်းတယ်"

အသဲစွဲမှတ်သားတဲ့ လူစားတွေ

ဒီပိုးထိုးပုတ်ရိတွေပဲ


အလုအယက်တိုးဝေ့

သူထက်ငါ ဝယ်

သစ်သီးပုတ်စားသူတို့

အိုအေစစ် .....

**လူမျိုး**



## သိဒ္ဓတ္ထကို နားလည်ခြင်း

ရှုံးနိမ့်ခြင်းများနဲ့ ရင်ဆိုင်ရတဲ့အခါ

ငါ့ မျက်နှာ ပျက်နေလိမ့်မယ် မင်း ထင်လား။

အောင်မြင်မှုကို ရယူခံစားရတဲ့အခါ

ငါ ဝမ်းသာနေမယ် မင်းထင်လား။

ရှုံးနိမ့်ခြင်းနဲ့ အောင်မြင်မှုကြားက

မျဉ်းကြောင်းလေးသာ မရှိရင်

ဒီနှစ်ခုဟာ အတူတူပါပဲ

ဘယ်ဟာကိုမှ

ငါ ထူးပြီး မတုန်လှုပ်ပါဘူး

ရက်စက်မှုရဲ့ အတွင်းထဲမှာ

နူးညံ့သိမ်မွေ့ခြင်းဆိုတာ ကိန်းဝပ်နေတယ်။

သေဆုံးခြင်းရဲ့ အတွင်းထဲမှာ

အသက်ရှင်သန်မှု မျိုးစေ့လေးကိန်းဝပ်နေတယ်။

ရှုံးနိမ့်မှုရဲ့ အတွင်းထဲမှာ

အောင်မြင်ခြင်းဟာ ကိန်းဝပ်နေတယ်။

*မိုးသွေး*

( မှတ်ချက်။ ။ ဘုရားအလောင်း သိဒ္ဓတ္ထမဟုတ်ပါ။ ဂျာမန်စာရေးဆရာကြီး Hermenn Hesse ၏ သိဒ္ဓတ္ထ (Siddhartha) ဖြစ်ပါသည်။)



## METAMORPHOSIS

တိမ်တွေဟာ ...

လေလွင့်ရာပြေးလို့

အဝေးဆုံးထိ သွားနိုင်တယ်။

တိမ်တွေဟာ

မာယာနဲ့

မျက်နှာများစွာ ပြောင်းနိုင်တယ်။

တိမ်တွေဟာ ...

ပန်းချီဆရာ မနိုင်တဲ့

အရောင်သစ်များစွာလဲ ဖန်ဆင်းနိုင်တယ်။

တိမ်တွေဟာ ...

အနာဂတ်မဲ့၊ အတိတ်မဲ့

အချစ်မဲ့၊ အနာမဲ့စွာ

ကျရာရုပ်မှာ ပျော်နိုင်တယ်။

တိမ်တွေဟာ ...

ထည်ဝါခမ်းနား

ဆန်းပြား မြင့်မားရဲ့

ဒါပေမယ့်

ဆုပ်ကိုင်ပြမရ

ချုပ်နှောင် တားမရ ... ။

ဒါနဲ့ပဲ ...

စိတ်ကျဘဝထဲ

အခါခါ လဲသေရသမျှ

အိပ်မက်ဘဝမှာတော့

ငါဟာ ...


တိမ်တစ်စသာ ဖြစ်ခဲ့တယ်။

*မေငြိမ်း*

မြန်မာ့ရွှေလိုင်းလက်ဖက်ရည်ဆိုင်
WWW.MMTEASHOP.COM



မြန်မာအွန်လိုင်းလက်ဖက်ရည်ဆိုင်
WWW.MMTEASHOP.COM



# တနင်္ဂနွေနှင့် သူ့မိတ်ဆွေများအကြောင်း

## တနင်္ဂနွေနှင့် သူ့မိတ်ဆွေများ အကြောင်း

တနင်္ဂနွေဟာ

သူ့ဘာဝနဲ့သူ ကျေနပ်နေပုံမျိုးနဲ့

ပြုံးပြက်ဝင်းလက် ချယ်သ

မှန်ရှေ့က ထလာတယ် … ။

ပြီးတော့

အသစ်ဟန်ဆောင်ထားတဲ့

နံနက်ခင်းကို နှုတ်ဆက်

အလင်းတစ်ဝက်၊ အိပ်မက်တစ်ခြမ်း

မနေ့ကထိ ငုံဆဲပန်းတို့

ပွင့်လန်းဖို့ အချိန်တန်ပြီတဲ့

မာန်ဝင့် ကြွေးကြော်လိုက်တယ် … ။

သူ့ရဲ့ ကြည်နူးပီတိတွေဟာ

အရုပ်ဆယ်မျက်နှာမျှော်လွင့်

ကတ္တီပါကားလိပ်ကို ဖွင့်တယ်

ဟိုတယ်တံခါးကို ဖွင့်တယ်

ပန်းခြံဝင်းပေါက်ကို ဖွင့်တယ် … ။

နီယွန်မီးခလုတ်ကို ဖွင့်တယ်

ဘီယာပုလင်းကို ဖွင့်တယ်

ကာရာအိုကေ ကက်ဆက်ကို ဖွင့်တယ်

မင်္ဂလာခန်းမကို ဖွင့်တယ်

သူ့ကိုယ်ပိုင် လက်ချောင်းတွေနဲ့ပေါ့ … ။

သူ့လက်ထဲက ကတ်ကြေးနဲ့

ဖဲကြိုးကို ဖြတ်အပြီး

ကောင်းကင် ခရီးသွား

မိုးပျံပူဖောင်းများကို ကြည့်လို့

တနင်္ဂနွေနေ့ဟာ

အားပါးတရ ရယ်မောလေရဲ့

တနင်္ဂနွေနေ့ ဖြစ်ရတာ

အမြင့်မြတ်ဆုံး ဆိုပဲ … ။

ဒါပေါ့ …

သူ့ လောက ကျဉ်းကျဉ်းကလေးထဲ

သူသိခွင့်ရသမျှကလည်း

ပေါက်ကွဲ ဂီတ

ရင်ခုန်ညရဲ့နှင်းဆီ

ယစ်မူးရီဝေ စက်ကဖြစ်တဲ့လေနဲ့

အပျော်ကျူးတတ်တဲ့ နာရီတွေကိုး … ။

တကယ်လို့များ

တနင်္ဂနွေဟာ

လောကကြီးက ဒီထက် ကျယ်ပြန့်ပြီး

သူ မသိတာတွေ အများကြီး ရှိသေးတဲ့အကြောင်း

သူသိသွားပြီး

အဲဒီ သူမသိသေးတာတွေကိုပါ

ထပ်ပြီး သိသွားဦးမယ် ဆိုရင်လေ … ။

*ဒဏ္ဍာ*

**အေးစက်စက်မီးလျှံ**

မရွာဖြစ်သေးတဲ့  မိုးရေတွေ

လေးလံနေတဲ့ ငွေ့ကောင်းကင်

တိမ်တိုက်တွေ အထပ်ထပ်။

ငွေ့ရဲ့ အခွံသက်သက်မီးအိမ်မှာ

ထွန်းညှိမယ့် ပန်းတစ်ပွင့်

မင်းမဖြစ်သေးလေသမျှ

အထီးကျန် ဆန်နေရဦးမယ်။

… … ဆန်းကြယ်စွာ

(ဒါမှမဟုတ်) ရိုးစင်းစွာ

မင်း သိလာပါလိမ့်မယ်။

ငွေ့ရင်ပြင်တစ်ခွင်လုံး

မငြိမ်းရက်ခဲ့တဲ့ မီးတွေ

မြင်ရင်တောင် ငွဲ့ညှာမနေပါနဲ့

လောင်ကျွမ်းခြင်း မင်းအတွက်မို့
ငြိမ်းအေးမှုလို့ ငါမှတ်ယူပါ့မယ်။

မင်းမျက်ဝန်းရဲ့ မြားတစ်စင်း
ငါ့စိတ်ကို ညို့ငင်
စကားလုံးတွေ
ငါ့နှုတ်ခမ်းများကို တံခါးခေါက်နေပြီ။

ရိုးဖြောင့်တဲ့ မြစ်တစ်စင်းပမာ
တည်ငြိမ်လွတ်လပ်စွာ
စီးဆင်းလာခဲ့သမျှ
ငါ မြို့သိပ်ခဲ့ရတာတွေ
မင်းကိုနွေးထွေးစေနိုင်ပါမလား ... ။

ငါခံစားရသမျှ
မင်းခံစားနိုင်မယ်ဆိုရင်
ဒီလောက်ထိ ခြောက်သွေ့နေမယ် မထင်ဘူး


ငါ့ရဲ့ နက်ရှိုင်းမှုကို

မင်း နားမလည်နိုင်သေးလေတော

မင်းရဲ့ မီးလျှံက အေးစက်စက်။ ။

တင်မင်းထက်

[ဝိညာဉ်ပြာတို့ မိုးကောင်းကင် ၁၉၉၂]



## ညစာစားပွဲ

တိမ်တွေကိုဖမ်းပြီး

ချက်ပြုတ်နေပုံများ

ခြံစည်းရိုးနောက်မှာ

စားရမဲ့ သောက်ရမဲ့တွေဟာ ဝေးလို့ ...

မနက် မနက်မှာ

လမ်းမှားပြီး ရောက်လာတတ်တဲ့

ရှုံ့ကြယ်က ပေါင်မုန့်တွေကို မေးလိုက်တယ်

မြောက်အရပ်ဟာ ဘယ်ဘက်မှာလဲတဲ့ ...

အရိပ်ထဲမှာတော့ တစ်ယောက်ကိုတစ်ယောက်

ခါးတွေနဲ့ စိုက်နေ

ပြီးတော့ ရယ်မောလိုက်ကြ

အရေပြားတွေကို ဝိုင်အရက်နဲ့ပက်ချ

နျူရိုးဆစ်ဖြစ်နေတဲ့ ညဟာ

ခြေဦးတည့်ရာ ပြေးနေ ...

"ကြောင်တောင်ကန်း မျက်လုံးများ

သတ္တုသံထွက်နေတဲ့ ရယ်သံ

စီးကရက်မီးခိုးများ

ချွင်ကနဲ ဖန်ခွက်ချင်းထိ

ကျေးရူးတွေနဲ့ တစ်ခန်းလုံးရှုပ်ပွ

နောက်ထပ် ယူဦးမလား

ခြေရာမိုးတွေ သွန်းဖြိုးရွာ

. . . . . . . . . . . . . . . . . ."

ပွဲပြီးသွားတဲ့အခါ


ခြေရာလက်ရာမပျက်

ဖုတ်ဖက်ခါ ထွက်သွားကြ

မြေဇာမြက်တွေခမြာသာ

နွမ်းရိလို့ ကျန်ခဲ့ရှာ။

သရဝဏ်(ပြည်)



**အဆိပ်သင့် မီးအိမ်**

ဟန်ဆောင်မှုဘောင်ကြား

ဖုံးကွယ်ထား မိတ်ကပ်မျက်နှာ

ပုပ်သိုးကာသွားတဲ့

လှည့်စားခြင်း မျိုးစေ့ ......

....................................................။

မျှော်လင့်ခြင်းရောင်စုံ

နံ့အတဲ့ စိတ်ကူး

ဦးတည်မဲ့ ပျံသန်း

မီးခိုးတန်း လွင့်မျောရင်း

ရှုံးနိမ့်ခြင်း ပေးဆပ်

အပ်ကြောင်းထပ် နာကျင်အမှားနဲ့

ငါ ......................................

နာများခဲ့တယ် ၊

တကယ်တော့

ပင်လယ်က တက်လာတဲ့

လရောင်ဖြာ ခနဲ့သံကြားမှာ

အရောင်ရင့် နားခါးခြင်းနဲ့

ငါ ....................................


အဆိပ်သင့်နေခဲ့တယ် ...................။


သီဟ

ဝိဉာဉ်ပြာတို့ မိုးကောင်းကင်

( ၁၉၉၄၊ ဇန်နဝါရီလ )

မြန်မာအွန်လိုင်းလက်ဖက်ရည်ဆိုင်
WWW.MMTEASHOP.COM






## ဆယ့်နှစ်လ ရာသီဖွဲ့

၁။ မီးရှူး မီးပန်းတွေ ပေါက်ကွဲ

ပြီးတော့ . . . သေနတ်သံ . . .

ဒါဟာ . . .

တစ်နိုင်ငံလုံးရဲ့ တာလွှတ်ခရာသံပဲ

အလံဟာ တိုင်ထိပ်ကို တက်သွားခဲ့တယ်။

၂။ အဖေရေ . . .

အဖေရေ . . .

ရေငတ်သလို ငါခေါ်မိ

အဖေ့သားသမီး ၁ ဒါဇင်နဲ့ ၂ ယောက်

ဆာ့ဘ်တွေက ဆလားဗီးယားကို ဓားနဲ့ခွဲသတ့် ...

အပိုင်းပိုင်းပေါ့ .......... ။

၃။ နွေ . . .

အလင်းရဲ့ စူးရှမှုကို

လူတွေခုခံခဲ့ရတဲ့ နွေပါ . . .

ပစ္စုပ္ပန်ဟာ အမှန်တရားပဲတဲ့ . . .

ကျားခြေရာခွက်ထဲက ရေကို

ငါတို့သောက်ဖို့ ပြင်ကြပြီ . . . ။

၄။ သပြေတစ်ခက် ရေတစ်ဝက်

မိုးတစ်မသား ကျပြန်တော

ပိတောက်ပွင့် ဝါရည်

သစ်ပင်တွေရဲ့ ပျော်ရွှင်မှု အကိုင်းအခက်ကို

မြန်မာအွန်လိုင်းလက်ဖက်ရည်ဆိုင်
WWW.MMTEASHOP.COM

မချိုးကြနဲ့ .... ။

၅။ " မေရေ ...

မေလရဲ့ နွေရက်ရှည် . . ."

သီချင်းတစ်စ ခေါင်းတိုင်ကထွက်ကျ ...

အလုပ်သမားတွေ ညနေ ဘုံဆိုင်ထဲ လဲပြိုကျ . . . ။

၆။ မိုးညိုညို မြက်စိမ်းစိမ်း

လယ်ယာမြေယိမ်းက

ငှက်ညီလေးတွေ

မပြည့်စုံမှုကို ရေးမှတ်ဖို့

စာအုပ်တွေလည်း မပြည့်စုံပေါ့ . . .

ရိုးသား ရဲရင့်မှုနဲ့

ဘဝကို လုံခြုံကြ . . . ။

၇။ "ခင်သန်းနု" ကို လူတွေ မေ့ခဲ့ပြီ . . .

အဲ့ဒါ . . . သင်္ချိုင်းရာ . . .

ဥသြဆွဲသံကို ကြားမိသလား

ပြတိုက်ထဲ ဝိညာဉ်တို့ မွန်းလျောင်ပေါ့ . . . ။

၈။ မှားယွင်းမှုဟာ ငွေရတုရှိရာ ရောက်လာ

ငှါအောင်သံကို

ငါဆုတ်ဖြဲပြီး မျိုချပစ်ခဲ့တယ် . . .

ဉရောပ အရှေ့ထိတိုင် တုန်ရီ . . . ။

၉။

၁၀။

၁၁။ အဆုံးအရှုံးနဲ့ အတုန်းအရုန်း ပွင့်ခဲ့ကြပန်းများ . . .

ဘဝမှာ . . .

အမြဲနောက်ကျခဲ့သူများ

ဒီဇင်ဘာကို နမူနာယူကြ . . . ။

နှစ်တွေကို နောက်ဆုံးမှ တွေ့ခွင့်ရပေမယ့် . . .

နှင်းပွင့်ဦးကို အစောဆုံးပန်ဆင် . . .

လှပဖို့ . . . ။ ။

ကျော်ဇောနိုင်

## ကိုယ်ရေးကိုယ်တာ

ဖောဖောသီသီ ကြော်ငြာမှုနဲ့

လူတွေရဲ့ ပေါ့ဆခြင်းခံရသူ

အခု

ကိုယ့်တမံ ကိုယ်တုတ်ရင်း

မြစ်ကျိုးအင်းလို ဟန်ဆောင်နေရ။

ပြန်ဆည်ခွင့်မရှိသော မြောင်းများ

ကျောင်းမှာ မသင်တဲ့ ပညာ

နည်းနည်းတော့ လိမ္မာလာပါပြီ။

ဟော . . . ဒီမှာ

ဝန်ပိုတင်ဆောင်လာ ရွက်သင်္ဘော


မောကြီးပန်းကြီး

ပင်လယ်ကို အလျားလိုက်ဖြတ်ပြီးမှ

ကမ်းကပ်ခွင့် မရရှာသေး။

*ညလယ်မိုး*

*(လှိုင်းရဲ့ပြတင်း - ၁၉၉၃)*



မြန်မာ့အွန်လိုင်းလက်ဖက်ရည်ဆိုင်
WWW.MMTEASHOP.COM



## ကျောင်းတော်ရာ

ဟိုးဝေးဝေးမှာ

နှင်းမှုပျပျ

မြင်နေရတယ် . . .

နှင်းစက်စိုပျက်ဖျန်း

အင်းလျားကို လွမ်းတယ် . . .။

လတ်ဆတ်ခြင်း

ကံ့ကော်ပွင့်တွေ

ဝေနေအောင်

ပန်ဆင်ထား

သင်းပျံ့ခြင်း

ရန်နံ့ ရင်ကို .... အေးမြစေ ...... ။

ကောင်းကင်ပြာ နောက်ခံထား

ခိုင်မတ်မြင့်မားတဲ့

သစ်ပုတ်ပင်ကြီးရေ

ခေါင်းငုံ့ နှုတ်ဆက်

လွမ်းနေလျှက်ပါ . . . ။

ခွဲခွာခြင်း

အဓိပတိလမ်း

ပန်းအလွမ်းကြွေ

မျက်ရည်တွေနဲ့ ...

မြင်ကြည့်လှည့်ပါ .... ကျောင်းတော်ရာ .... ။

ဂျပ်ဆင်နံဘေး

အလွမ်းတေးဆို

မျက်ဝန်းညိုပြီ

လွမ်းဆဲ ...... လွမ်းတယ် .......

ကျောင်းတော်ရာ . . . ။

ခေါင်းလောင်းသံရိပ်

မေးအိပ်မပျော်

ခိုသော်ခဏ

ပျော်ရွှင်ရပါသော

ကျောင်းတော်ရာ . . . ။

ပန်းခရမ်းပြာ

ဗေဒါကိုလွမ်း

ရေပြာစမ်းမှာ . . .

ဝေးဆဲဝေးပြီ

ကျောင်းတော်ရာ . . .။

*စမ်းသီတာ*

*(၁၆-၁၁-၁၉၉၅)*

**ရာသီပြောင်းပွဲ**

*စက်တင်ဘာဟာ*

*အသံပျက် တစ်ယောတစ်လက်အလား*

*စူးစူးရှရှနဲ့*

*ရတုသစ်ကို တောင်းဆိုနေ . . .*

*ကိုယ်ပိုင် စိမ်းလန်းမှုမှာ*

*ပွဲတော်တိုကို ကခုန်ရင်း*

*ရာဇဝင်အသစ်ကို ရေးခြစ်နေ . . .*

မလုံမလဲ စာရိတ္တညစ်ညစ်နဲ့

အတ္တများကြတဲ့

ထက်ပိုင်းပြတ် ပြူတင်းတွေကို ဖွင့်ကြ

တင်းမာမှုမှန်ချပ်တွေကို ဖွင့်ကြ

အရှက်နနဲ့ တောအုပ်တွေကို ဖွင့်ကြ

တကယ်ပဲ . . . မိုးနှောင်းဟာ သူ့လက်တံရှည်တွေနဲ့

ကြမ်းကြုတ်မှုတွေကို ရုပ်သိမ်းတော့မယ် ဆဲဆဲ . . .

မှတ်သုန်ရဲ့ နောက်ဆုံးထွက်သက်ကို

ရေတွက်ပျံ့သန်းပြီး

သူ့စွမ်းအားရှိသ၍တော့

ပျို့မြစ်နေပေ့ါ . . .

ဒါပေမယ့်

မာန တစ်စုံတစ်ရာ မပါပဲ

အလိုကျပွင့်နေတာက

နယ်နှင်ဒဏ်ခံ စံပယ်တစ်ခင်း . . . ။

**ကိုရ**



# ကမ်းခြေမှာ

*ကမ်းခြေမှာ လျှောက်နေသူတွေရဲ့*

*ခြေရာတွေကို လှိုင်းတွေက ဖျက်ပစ်နေတယ်။*

*လူနှစ်ယောက် တစ်ယောက်ကို တစ်ယောက်ပြောနေတဲ့*

*စကားတွေကို လေက သယ်ယူသွားတယ်။*

*ဒါပေမယ့် လူတွေက ကမ်းခြေမှာ လမ်းလျှောက်ဆဲ*

*သူတို့ရဲ့ခြေထောက်တွေက ခြေရာတွေ ထင်နေဆဲ*


*လူနှစ်ယောက်က စကားလုံးအသစ်တွေရှာပြီး*

*အတူတူပြောနေကြဆဲ။*

ညီဆင်းသစ်

At the Beach By Kemal Ozer Turkey

မြန်မာ့အွန်လိုင်းလက်ဖက်ရည်ဆိုင်
WWW.MMTEASHOP.COM



## ကဏ္ဍာရမိုး

အေးစက် . . .

ချွန်ထက် . . .

ရက်စက်တဲ့ ဆူးတစ်ချောင်း

ရေခဲတူးဆွတဲ့ သံချောင်းလို

ခပ်နက်နက်စူး

အရှုံးအမူး ဖြစ်စေ . . . ။

တစ်စက် ... နှစ်စက် ...

ရက်ဆက် . . .

ပျက်ကွက်နိုင်ရင်တောင်


လှောင်သံနဲ့ ရွာရက်

အသက်ဆက်ရအောင်

အယောင်ဆောင် ဖြစ်ဖြစ်ပေါ့ . . . ။ . . . ။

*နေလင်း*

WWW.MMTEASHOP.COM



ဖမ်းစားမှု ညနေစာ

ချစ်သူတို့

ယုံကြည်စွာ သောက်သုံးကြစို့

ဆာလောင်မှု ကျပ်တီးပြင်ထဲ

ဘဝဟာ

လက်ယက်တွင်း တစ်တွင်းပဲ

အရသာလည်း တစ်ခုထိ

အပြစ်တွေရှိခဲ့ပြီဆိုတာ

အရေးကြီးတာ

ဦးခေါင်းခွံတွေ ပျော့စိမသွားဖို့ပါပဲ

လေကွယ်ရာ ကျောက်ချရပ်ပေမယ့်

လှိုင်းပုတ်ဒဏ်တော့ ခံရဆဲ

ကမ္ဘာမှာ

ဘယ်ပင်လယ်တွေ ငြိမ်သက်ခဲ့ဖူးလဲ . . .

ခုခံအားက နည်းနည်းရယ်ပါ

အာရုံတွေဟာ

ဘယ်လောက်ထိ အာသာပြင်းပြလိုက်သလဲဆိုရင်

ရေမြေတစ်ပြင်လုံး

အခိုးအငွေ့တွေနဲ့ မွန်းကြပ်သွားရော့မယ် . . .

မတွေးတောချင်ဘူး

မဆွေးနွေးချင်ဘူး

ကမ္ဘာမှာ

ဒီရေအတက်အကျတွေ ရှိတယ်

လပြည့် လကွယ်တွေ ရှိတယ်

တစ်ခါတစ်ခါ

သဘာဝကို လွန်လွန်သွားတာ

သဘာဝပါပဲလို့

သဘာဝတရားက

သဘာဝကျကျ ပြောခဲ့တယ်

ကိုယ့်နည်း ကိုယ့်ဟန်နဲ့တော့

တည်ငြိမ်နေကြတာပါပဲ . . .

ရသလောက်နဲ့လည်း

မလဲလှယ်ချင်ပါ

*ငတ်တိုင်းသောက်နေရတဲ့*

*ဒီရေငန်တွေသာ*


*ဓားတစ်လက် ဖြစ်ကြည့်စမ်း*

*ယောင်ကိုင်းနေတဲ့ တိုဆန္ဒတွေ*

*အသားလေး ခွဲထုတ်လိုက်ရုံပေ့ါ . . .*

**မောင်နန္ဒ**

**(လှိုင်းရဲ့ပြတင်း - ၁၉၉၃)**



## တမ်းချင်း

နှင်းပွင့်ထိရှ

ဟေမွန္တ တဲ့ . . .

ရင်ဝလာရိုက်

စိုက်လိုက်မတ်တတ်

လှပ်လှပ်ပြေးဆော့

လေအနှော့မှာ . . .။

နှင်းကြားလေအေး

ဟိုအဝေးက

ဖွဖွပြေးအလာ

ရင်မှာတမ်းဖြစ်

ကံ့ကော်သစ်နဲ့

ချစ်သူပုံရိပ်

တိတ်တိတ်လေး ဝေ

နှင်းတွေနဲ့အတူ

ကလူမူနွဲ့

ဟန်ပန်ဖွဲ့လို့

ကိုယ့်ထံလာ . . . ။

ဆန္ဒကိုမြှု

မွှေးကြူရနံ့

ကံ့ကော်အကူနဲ့

ချစ်သူ့ကိုယ်ပွား

ရင်ကြားတိုးဝင်

ကြင်သူရေ လာခဲ့

ပြည့်စုံတဲ့ ဆောင်းမနက်

တစ်သက်တာ မက်စရာ

အမှတ်သညာချန်ထား

ဝေးသွားတဲ့အခါ .... လွမ်းရအောင် ... ။

နင်းစွတ် ကံ့ကော်

မေ့ကို မော်ဖူး

နင်းလူးမနက်

ကြင်ဖက်နဲ့ဆို

မြန်မာအွန်လိုင်းလက်ဖက်ရည်ဆိုင်
WWW.MMTEASHOP.COM


*ပိုညက်တဲ့ရသ*

*ကံ့ကော်ရှာဘာဝ*

*တမ်းတာမပြေ*

*လွမ်းမြဲ … လွမ်းနေစေရမယ် … ။*

**မေငြိမ်း ( ၁၉၈၆)**



## ဘီးတစ်ချောင်းရဲ့ မွေးနေ့

အမှိုက်သရိုက်တွေ

အမိုက်စရိုက်တွေ

အမိမြေရဲ့ဦးဆံစမှာ

ဝေဆာပွင့်ဖူးနေတဲ့ အဲ့ဒီနေ့။

ကြွေးကြော်သံတစ်လုံး ဝင်ဆောင့်လိုက်တိုင်း

သွေးနီနီရဲတဲ့အလံ

တဖျန်းဖျန်း လွင့်ပျံ။

ဖနောင့်တစ်သိန်း အစွမ်းနဲ့

အဓိပတိလမ်းကို ဖုံလိုဆောင့်တိုင်း

ရေတမာ ရွက်ခြောက်ငယ်များ

ကြောက်အားလန့်အား ထထခုန်ကြ။

သခင်အသွေးနဲ့

ဝန်မလေးတဲ့အချေ

ခြေထောက်တွေ ခြေထောက်တွေလေ ။

အထပ်ထပ်ထောင်ထားတဲ့ ဘီးများလို

ခပ်စိတ်စိတ်တိုက်ချပစ်မယ့် ခြေလှမ်းတွေနဲ့

ဂျင်းဘောင်းဘီဝတ် ခြေထောက်တွေ

ခြေထောက်တွေ ခြောက်ထောက်တွေ။

မျက်လုံးချင်းသိတဲ့ စည်ချက်နဲ့

ပုခုံးချင်းညှိ ရပ်ထည့်လိုက်


ဒီမြေရဲ့ နဖူးအမောက်ကစလို့


နင်းလျှောက်လာခဲ့ကြတယ် ။

.......................................

*သန်းဝင်းထွဋ် ၁၉၉၈*

မြန်မာအွန်လိုင်းလက်ဖက်ရည်ဆိုင်
WWW.MMTEASHOP.COM






## ဂရင်းလန် ဆောင်းအိပ်မက်

*(၁)*

*နှင်းစာရွက်ပေါ်က*

*ညဝါကျရှည်များထဲ*

*"စွတ်ဖား" တွေ မည်းမည်း ... မည်းမည်း။*

*နလုံးသွေးကလွဲလို့*

အရာရာဟာ သုညဒီဂရီအောက်

ခရီးရှည်ပေါက်ခဲ့။

(၂)

"ဆိုက်ဖေးရီးယား" လက်အုပ်ချီရမယ့်

အအေးဒဏ်ဟာ

အသက်ရှင်နေသေးတယ်၊

ကမ္ဘာပေါ်မှာပဲ ...

. . . . . ဆိုတဲ့

အသိနဲ့ သတိကိုတောင် ခဲသွားစေပြီ။

ဒီထက်ပိုတဲ့ အအေး

မရှိနိုင်တော့ဘူးဆိုတဲ့ ...

အထင်လည်း

ခဲသွားပြီ။

နွေဦးလာရင်

နေမြင်တော့မယ်ဆိုတဲ့

မျှော်လင့်ချက်လည်း ခဲသွားပြီ။

(၃)

ချစ်သူတွေ

စက္ကန့်ကုဋေချီ ဝေးနေချိန်ပေါ့။

ငြိမ့်ငြောင်းသာယာ

ရေခဲပြင် ဝံပုလွေတို့ အူသံရှည်တွေ

မဆုံးတမ်း နီးကပ်လာ

ကျွန်တော့်အငွေး

အကတ်အသတ်ကို သောက်ကြဖို့တဲ့။

ဂျက် လန် ဒန် ရေ

ခင်ဗျား မှတ်မိသလောက်

သတ္တိ၊ နည်းလမ်း နဲ့ အဆုံးအဖြတ်တွေ

ထပ်ပြောပါဦး

ကျွန်တော် သူတို့ကို သောက်မှဖြစ်တော့မယ်။

(၄)

မျက်ရည်တို့

ပါးပေါ်တွဲလဲခဲ၊

နောက်တော့ မျက်လုံးထဲတင် ပိတ်ခဲ၊

မိုးကုတ်စက်ဝိုင်းရေ ...

"နေ" . . . "နေ" ပေးပါ၊ "နေ" ပေးပါတော့ . . .

အို ကမ္ဘာမြေ

ဒီ မီးနီလေး အသိအမှတ်ပြုပါ။

စွတ်ဖားရာ မျဉ်းတွေတစ်လျှောက်တော့

ပင့်သက်ရှိုက်သံ


သွားကြိတ်သံတို့

အခဲလိုက် အဆုတ်လိုက်

ဒလိမ့်ခေါက်ကွေး ကျကျန်လို့။ ။

**လူသွေး**

မြန်မာအွန်လိုင်းလက်ဖက်ရည်ဆိုင်
WWW.MMTEASHOP.COM




# ဒါဝင်ရဲ့ ဇာတာကို စစ်ဆေးခြင်း

## ဒါဝင်ရဲ့ဇာတာကို စစ်ဆေးခြင်း

"ရင်ဝကို မြားတစ်စင်းစိုက်ရင်

လားရာအရပ်ကို စူးစမ်းမဲ့အစား

အဲဒီမြားကို အရင်နှုတ်လိုက်ပါ" တဲ့

ဗုဒ္ဓရဲ့စကား

ငါကြားဖူးလေရဲ့

ငှါရင်ခွင်တစ်ခုလုံးမှာတော့

မြင်မကောင်းအောင်

ယောင်ကိုင်းဖူးပွနေတဲ့

မြားဒဏ်ရာတွေနဲ့

ဘယ်တော့မှ ဆွဲနှုတ်လို့ မကုန်နိုင်ပေမယ့်

ဒုက္ခ အဖူးအငုံတွေရယ်ပေါ့

အခွံမာ သစ်သီးတစ်လုံးကို

ဖျော်ရည်စက်ထဲမှာ ထည့်ကြိတ်တော့

ငြီးတွားသလိုမျိုး

ချစ်မေတ္တာဆိုတာတွေလဲ

ဒုက္ခစက်ခွက်ထဲမှာ

တဖြည်းဖြည်းနဲ့ ကွဲအက်ကြေမွ

တဖြည်းဖြည်းနဲ့ အရည်ပျော်

နောက်ဆုံးတော့ အားလုံးဟာ အငွေ့ပျံ

ခွက်ထဲမှာလည်း ဘာမှမကျန်တော့

အဲဒီအခါမှ ... ငါဟာ

အငမ်းမရ မော့သောက် ...

ဘဝဆိုတာ

အချိန်ရှိသရွေ့

ရှုံးနိမ့်နေရခြင်းဆိုရင်

အပင်ပန်းခံပြီး

ငါ ဝင်ပြိုင်မနေချင်တော့ဘူး

ခင်စောစောသာ

အလံဖြူပြလိုက်ကြပါတော့။

သီအိုရီထဲမှာ

မျောက်တွေဟာ လူဖြစ်နိုင်ကြပြီး

*လက်တွေမှာ*

*လူတွေဟာ မျောက်ဖြစ်လာနေတာကိုတော့*

*အားလုံးဟာ*

*ဘယ်လိုမှ မတားဆီးနိုင်ခဲ့။*

*မာလုကျာပုတ္တရေ ...*

*လာ .....................*

*သင်နဲ့ငါ*

*ချောက်ထဲကို ခုန်ချလိုက်ကြစို့ရဲ့။*

**သရဝဏ်( ပြည်)**

*မာလုကျာပုတ္တ - စကြာဝဠာ၏ အစနှင့် သက်ရှိတို့၏ စတင်ဖြစ်ပေါ်လာပုံကို ဗုဒ္ဓအား မေးလျှောက်သော ရဟန်း။*

## ရဟတ်

ဒီလိုနဲ့

ရဟတ်လည်ခဲ့တယ် ...

လူတွေဟာ သင်္ကြာန်စုံ မျက်နှာတွေနဲ့

ရဟတ်လာစီးကြတယ် ...

သူ့ခံစားချက်နဲ့သူ

အားလုံး မြူးပျော်နေပေါ့ ...

ရဟတ်လည်း လည်ရော

ပျော်တဲ့သူပျော်

မဲ့သူမဲ့

ရယ်သူရယ်

ငိုသူငို

စိတ်ဓာတ်မခိုင်တဲ့သူတွေကတော့

မျက်လုံးမှိတ်ထားကြပြီ ...

အဲသည်အချိန်မှာ

ရဟတ်ဟာ

သူ့သက်တမ်းမကုန်သမျှ

ရပ်တန့်လို့ မရတော့ဘူး ...


ဒီလိုနဲ့


နောင်တတို့လည်း

ရဟတ်နဲ့ အတူလည်ခဲ့တယ် ... ။ ။

ကိုရ

(အလင်းသစ် ၉၅ ရဲ့ အရှေ့ဖက်ကောင်းကင်၊ ၁၉၉၅)






## ဒုတိယတန်းစား

ကျွန်တော် ရင်အုံလှောင်ချိုင့်မှာ

ခြသေ့ံတစ်ကောင် ရှိပါတယ်။

သူက . . .

ကျွန်တော့် စကားနွမ်းတွေကို

မစားသုံးချင်ဘူးတဲ့။

ကောင်းကင်ရဲ့အောက်မှာ

လတ်ဆတ်တာ ဘာမှမရှိဘူးလို့

ဖျောင်းဖျတာတောင်မှ

သူက ... မကျေနပ်နိုင်ဘူး။

ကျွန်တော့်ကို တစ်ချိန်လုံး ကုတ်ခြစ်ကာ

ဟိန်းဟောက်လိုက်၊ တောင်းပန်လိုက်နဲ့ပါပဲ ... ။

မီးတောင်လို ပေါက်ကွဲလို့

သူ လွတ်လာပြီ ဆိုပါစို့ ... ။

ဘယ်မှာလဲ ... သူ့ကောင်းကင်

ဘယ်မှာလဲ ... သူ့လွင်ပြင်။

သူက အရိုင်းဆန်တယ်

ကျွန်တော့်လို လိုက်လျောညီထွေ မနေတတ်ဘူး။

ဆင်ခြေဖုံးရပ်ကွက်က ထပ်ခိုးလေးတစ်ခုတောင်

သူ ခိုလှုံဖို့ ရမှာ မဟုတ်ဘူး။

ကျွန်တော့်လို ဒုတိယတန်းစားတွေနဲ့
မပတ်သက်ချင်ဘူးလို့ ဘယ်လောက်ပြောပြော
သူ့ထွက်ပေါက်ကို ပိတ်ထားရမှာပဲ။
နာကျင်၊ မောပန်း၊ လေးလံ
အာရုံတွေ ကန်းခဲ့ပြီ . . . ။
ပျံ့သန်းနေတဲ့ တိမ်တိုက်တွေ မြင်ရင်တောင်
အားကျရမှန်းမှ မသိ
ထုံပေပေစိတ်နဲ့သာ ကြည့်နေမိတော့တယ် ... ။

ခုနေများ၊ တန်ခိုးရှင်တစ်ပါးက
"ပျော်စေသတည်း" .... လို့ ကောင်းချီးပေးရင်တောင်
နှစ်များစွာက အေးခဲခဲ့တဲ့ မျက်ရည်တွေသာ
ပျော်ကျလာမယ် ထင်ပါရဲ့ ... ။ ။

*တင်မင်းထက်*

မာယာ

အလို

သူ့ကိုယ်သူ

အဓိပတိလမ်းဆိုပြီး

စခန်းကြီးနေတဲ့ကောင်

ရေငွေ့တို့က

ဆောင်းနှင်းလိုလိုနဲ့

သူတို့ကိုယ် သူတို့

ထောင်းထောင်းထ

သူ့ကိုယ်သူများ "ပင်လယ်" တဲ့

အင်းလျားဆိုတဲ့ ချာတိတ်

ထပ်ခါ ထပ်ခါ အော်ပြောနေတာ။

ဟိုးမှာ ကြည့်စမ်းပ


အစိမ်းရောင် အင်္ကျီအသစ်ဝတ်လို့

ရှိးဆစ်ပြိုင်းပြိုင်း ခန္ဓာအို

မြန်မာအွန်လိုင်းလက်ဖက်ရည်ဆိုင်
WWW.MMTEASHOP.COM

နံ့သာနှင်းမှုန် စိုစိုရယ်နှင့် သစ်ပုတ်ပင်အို၊ သူကတောင် အပျိုယောင် ဆောင်နေပါကောဗျာ . . . ။

*ရဲထွန်း(လှိုင်)*



## ရေတိမ်ပိုင်း မှတ်တိုင်များ

ကမ်းစပ်တွေ အပေါ်ကကြည့်တော့
ဝေရီလင်းပျက် ခပ်ရေးရေးသာ
ပြာမှုန်တွေ ကြဲမချပါနဲ့
ရေညှိ သက်သက်လွတ်စားတဲ့
ရွှေငါးလေးတွေ
အစာအဆိပ်သင့်ခံနေရလို့
အခု ကျောက်စရစ်ခဲတွေချည်း ကျန်တော့တယ်။

အသည်းကွဲပြီးစ ခံစားချက်မျိုး
အကောင်းဆုံး လှိုင်းတွန့်ပန်းချီ
ဖန်ပုလင်းလွတ်ထဲ သိုဝှက်သိမ်းဆည်းထားခဲ့
စကားလုံးတွေနဲ့
လေဟာနယ်ကို ဆွဲဆွဲဆန့်လိုက်
ခေတ်ဆန် မဆန်ဆိုလို့
ငိုစား ရယ်စား တီကောင်တွေသာ
ရှုရှုကလေး တွယ်တက်လာနေကြ။

မြန်မာအွန်လိုင်းလက်ဖက်ရည်ဆိုင်
WWW.MMTEASHOP.COM


မုန်ခဲ့ပါပြီ

ဟောသည် ခံတန်းလျား ပြာပြာတွေဟာ

ချစ်သူ မုန်းသူ ကြည်နူးဖို့

ညနေခင်းတွေကို နှုတ်ဆက်ဖို့ သက်သက်မျှသာ . . .။

နေဆူးသစ်



## လွဲမှားမှုများ

ကျွန်တော် ကြိမ်ဖန်များစွာ ရေရွတ်ပြီးတဲ့အခါ

သူ တစ်ကြိမ်တစ်ခါတောင် မရွတ်ဆိုရသေးပါဘူး ...

ကျွန်တော် ဆာလောင်မွတ်သိပ်နေတဲ့အခါ

သူဟာ အပျင်းပြေကိုက်ဝါးလို့ ...

ကျွန်တော်လမ်းလျှောက်လာတဲ့အခါ

သူ ... တိုက်အိုထောင့်မှာ မတ်တပ်ရပ်နေဆဲပေါ့ ...

ကျွန်တော် ပန်းခင်းထဲကို ရောက်တဲ့အခါ

သူဟာ မိုးတိမ်တွေကို မော့ကြည့်နေတယ် ...

ကျွန်တော် တစ်ခါတရံ လန့်နိုးတဲ့အခါ

သူ ... ညများစွာ မအိပ်စက်သေးပါဘူး ...

ကျွန်တော် နှင်းစက်တွေကို ထိ တို့ ကြည့်တဲ့အခါ

သူဟာ နေရောင်တွေကို မုန်းတီးနေသေးတယ် ...

ကျွန်တော် ရိုးသားစွာ လရောင်ကိုမိန်းမောတဲ့အခါ

သူဟာ ကောင်းကင်ရဲ့ သုညတွေကို ရေးသားလို့ပေါ့ ...

ကျွန်တော် ကဗျာတစ်ပုဒ်ကို ခံစားနေဆဲအခါ ...

သူဟာ ကျိန်ဆဲမှုများနဲ့ ဗလုံးဗထွေးမှားယွင်းနေခဲ့တယ် ...

"ကျွန်တော့်" ကိုယ် "ကျွန်တော်"

မှန်တစ်ချပ်ပေါ် တင်ကြည့်တဲ့အခါ . . .

"သူ့" ကို "ကျွန်တော်"

အလွန်တရာ မုန်းတီးမိပြန်ရော . . .။ . . .။

ရဲလွင်



## အိမ်မက်မှတ်တိုင်

ဖန်အိုးထဲက ရွှေငါး

ပန်းခင်းထဲက လိပ်ပြာ

စဉ်းစားနေတဲ့ ငါ။

အသိမဲ့လှုပ်ရှားမှုတွေနဲ့

နာရီလက်တံကို ဆွဲပြေးချင်ရဲ့

အင်္ဂတေ ပြက္ခဒိန် တစ်ခုမှာ

ရက်စုတွေက များခဲ့ပြီ။

ပင့်ကူရဲ့ ဂရပ်ဖစ်ဒီဇိုင်း

အင်းဆက်သချိုင်း

အလင်းလှိုင်းတွေက ခပ်ပါးပါး

သံချေးတက်ဘောင်နဲ့

အသက်ရှူတဲ့ ပန်းချီကား

အရောင်မှိုင်းနေတာက ခပ်များများရယ်။

"အမေ့အိမ်" နားထောင်နေတဲ့ ငါ့လိပ်ပြာ

လက်ဖက်ရည်ဆိုင်က ပြန်ခဲ့ဦး

ဖြူညစ်ညစ် ငှါကောင်းကင် အပြင်ဘက်က

ထွေးပွေ့မယ့် မိုးရေစက်

ဘယ်ရက်မှာ မျက်ရည်တွေနဲ့ ရောမလဲ။

မပိုင်ဆိုင်ရတဲ့ မနက်ဖြန်

ရွှေရောင်ဝင်းပနေမလား

သေအောင်ယင်းထနေမလား . . . . ။

ဖန်အိုးထဲက . . . . . . .


..............................

........................ ငါ ။

*ကောင်းထက်ညွန့်*

*(လှိုင်းရဲ့ပြတင်း - ၁၉၉၃ )*

WWW.MMTEASHOP.COM



. . . . . အမေ

အချစ်ရေ . . .အခုဆို

ရောဝတီဟာ

ငိုညည်မြည်တမ်းပေါ့

ဩစကာပိုင်းလ်ရဲ့ နိုက်တင်ဂေးလ်တွေ

မရှိကြဘူးလေ . . . ။

အချစ်ရေ . . . အခုဆို

အမေ့စိုက်ခင်းတွေ

လောင်မီးပိုးကျ . . .

အမေ့ခြံပိုင်းလေး

မီးလောင်ပြာကျ . . .

ဩစကာပိုင်းလ်ရဲ့ နိုက်တင်ဂေးလ်တွေ

မရှိကြဘူးလေ . . . ။

အချစ်ရေ . . . အခုဆို

ရွှေရည်စိမ် ကြယ်ပွင့်လေးတွေက

ကမ္ဘာ့ဦးခေါင်း ဒြပ်သေရဲ့ ဂုဏ်သတ္တိအတွက်

တာဘိုကားနီနီ တစ်စီးပေါ်မှာ

အောက်စီဂျင်ကို အလွဲသုံးစား ပြုနေရဲ့

ဩစကာဝိုင်းလ်ရဲ့ နိုက်တင်ဂေးလ်တွေ

မရှိကြဘူးလေ . . . ။


အချစ်ရေ . . . အခုဆို နှင်းဆီနီလည်း ရဲရဲမပွင့်သေးပါလား

မိုးသောက်ခြင်းအတု မွေးဖွားခဲ့ပြန်ပေါ့

ဩစကာဝိုင်းလ်ရဲ့ နိုက်တင်ဂေးလ်တွေ

မရှိကြဘူးလေ . . . ။

*မာန်သစ်နိုး*


KO YA
2012

## ဘောလုံးပွဲ

" အခြေအနေအရ . . . " တဲ့

အဲဒီ ဘာလိတ်ဓားတွေက

စိတ်အရေပြားကို မွမွပစ်ခဲ့ . . . ။

ကမ္ဘာကြီးရေ . . .

တိုက်စစ်မှူးမှန်ရင် ဒဏ်ရာဘယ်ကင်းမလဲ

အဲသလို ပွတ်သပ်

အချင်းချင်း ကျေနပ်လိုက်ကြစို့ . . . ။

ယုံကြည်မှုနဲ့သာ တစ်ဖက်သတ်

လောင်းကြေး ထပ်ခဲ့မိသူပါ . . .

ဘဝဆိုတာ အမှတ်ပေး ပြိုင်ပွဲတစ်ခုလား

နိုင်လိုစိတ်များ ပြင်းထန်ကြပါဘိ . . . ။

အပေးအယူ တော့လွဲလွဲ

ခြေခေါက်ခေါက်လဲတတ်တဲ့ ခံစစ်မှာ

အဝါကဒ်တွေက အကြိမ်ကြိမ်

ကျွန်တော်ကတော့ . . .

အောင်မြင်မှု ဖလားထက်

သန့်ရှင်းဆုကိုသာ ငတ်မွတ်မိရဲ့ . . . ။

အဆင့်အတန်းအလိုက် ပွဲကြည့်စင်ပေါ်မှာ

တစ်ချို့ လူတွေအတွက်

ငွေဟာ စက္ကူဖြစ်ခဲ့ . . .

လူတော်တော်များများ အတွက်တော့

စက္ကူဟာ ငွေယောင်ဆောင်လို့မို့

ငွေစက္ကူတွေ မြင့်မားတယ် . . . ။

တစ်ချို့က ဘဝကို ကန်ထရိုက်ဆွဲပြီး

ပျော်တယ်ခပ်ကြီးကြီး ဆောက်

လုပ်ရည် ကြံရည်တွေ ဇိမ်ခံသောက်ကြတယ် . . . ။

တစ်ချို့က ရေမကူးတတ်ပဲ

ငါးများ ကျင်လည်ကြတယ် . . . ။

တစ်ချို့ကတော့

ဖြစ်သလို နေတာတောင်

နေသလို ဖြစ်မလာလို့

ဖြစ်ချင်ရာဖြစ်ဖြစ် ပစ်ကြတယ် . . . ။

တစ်ချို့ကလည်း

မီးပုံးပျံကိုမှ အလုအယက် စီးချင်ကြသတဲ့ . . .


ကျေးရူးအတုတွေ ဘောလုံးလုပ်

ပင်နယ်တီ အကြိမ်ကြိမ် ရှူးချင်ကြပါသတဲ့ . . .

ကမ္ဘာကြီး . . . ။ ။

*မောင်နန္ဒ*

*July 12,1995*



## ကမ္ဘာမြေ ရဲ့ ညည့်သည်တော်

ခဏခဏ

မီးပွိုင့်မိနေရတဲ့ ကောင်ပေါ့

ဘဝထဲကို

ခြေတစ်ပေါင်ကျိုး လျှောက်ဝင်လာ

လိုသလောက်လဲ မရခဲ့

ရသလောက်လဲ မယူခဲ့

လွယ်လင့်တကူ မှတ်ချက်များ

အလေ့ကျ ခံစားမှုများနဲ့

စနစ်တကျ ချီးမွမ်းသံတွေကြား

ငါ့ကိုယ်ငါ ရောင်းမစားဖြစ်ခဲ့တာ

ကျေနပ်စရာ

သူ့ကို ထိအောင်ခုတ်ဖို့ထက်

သူ့ဓားချက်ကို ရှောင်နိုင်ဖို့က

ပိုအရေးကြီးတယ်

ကဲ . . . ကမ္ဘာမြေ


ဝတ်ကောင်းစားလှတွေ ဝတ်ဆင်ကာ

မြန်မာအွန်လိုင်းလက်ဖက်ရည်ဆိုင်
WWW.MMTEASHOP.COM

ကျုပ်ရောက်ရှိလာတဲ့အခါ

ဘယ်လိုစားသောက်ဖွယ်ရာတွေနဲ့ ဧည့်ခံမှာလဲ။

*ညလယ်မိုး*



# နွေ

ဖော်ဖော်ဝါရီ မတ်ချိ ပေရာယ်

၂၈ … ၂၉ … ၃၀

စိတ်ပျက်စရာကောင်းတဲ့

မိန်းမတစ်ယောက်ရဲ့ ခန္ဓာကိုယ် အချိုးအစား

သစ်ရွက်ညို နွေရက်များ။

နှစ်အသစ်ကို

တဖြစ်ဖြစ် အောင်မြည်တောင်းဆိုရင်း


သူ့စိမ်းလန်းခြင်းကို

ရင်းနှီး လောင်ကျွမ်းစေခဲ့တဲ့ နွေပေါ့။

ကိုင်းခြောက် လက်တံရှည်တို့

ဆန့်တန်း ငေါထွက်လေသို့။

*ကျော်ဇောခိုင်*


KO YA
2012

## အမုန်နဲ့ အမှား

အမုန်တရားမှာ

အဖြူရောင် ဦးခေါင်းတစ်လုံး ရှိခဲ့တယ်

အမှားကတော့

အဲဒီဦးခေါင်းရဲ့ ဦးနှောက်ကို ဖောက်စားပြီး

ပဋ္ဌလက်အတတ်နဲ့ ဖုတ်သွင်းထားခဲ့တယ်။

အမုန်တရားဟာ

ဦးနှောက်မပါတဲ့ သူ့ဦးခွံနဲ့

သိက္ခာတွေ အဖတ်ဆယ်ရင်း

အမှားရဲ့ စားကြွင်းစားကျန်တွေထဲ

ခွေးဝဲစားတစ်ကောင် ဖြစ်သွားခဲ့တယ်။

အမုန်တရားဟာ

နှစ်ချို့အဘိဓမ္မာဟောင်းတွေနဲ့

ဂန္ထဝင်သစ်ပွဲတင်စေရင်း

အမှားရဲ့ခေတ်ပေါ်ဗန်းစကားကြောင့်

လေဟာနယ်တွေသာ ပိုင်ဆိုင်ခဲ့တယ်။

အမုန်တရားဟာ

လောကရဲ့ သဘာဝရေစီးကြောင်းထဲ

အပြင်းစားစိတ်ကူး၊ အိပ်မက်တွေ ပေါလောမျောပါခဲ့

အမှားရဲ့ အဖတ်ဆယ်တင်မှုကြောင့်

အမျှင်မပြတ်တဲ့ အသက်ရှုငွေ့တွေ

သွေးသားယိုစိမ့် ချိန်နဲ့လာခဲ့တယ်။

ဒီလိုနဲ့ . . .

အမုန်တရားဟာ

အမှားကို အကြိမ်ကြိမ် ရှုံးနိမ့်ခြင်းကြောင့်

အမှားကို အထင်ကြီးစွာနဲ့

အမှားကို အမုန်ဖြစ်စေခဲ့တယ်။

အမှားကတော့ အမုန်တရားကို ထိပ်ပုတ် ခေါင်းပုတ်လုပ်ပြီး


အမုန်တရားရဲ့ ညှံ့ဖျင်းမှုကို ကဲ့ရဲ့ရင်း

အမှားတွေ ဘယ်လိုအောင်မြင်လာရတယ်ဆိုတာ

အခန့်သား ရှင်းပြနေလေရဲ့ ။ ။

နေဆုးသစ်

မြန်မာအွန်လိုင်းလက်ဖက်ရည်ဆိုင်
WWW.MMTEASHOP.COM



မြန်မာ့အွန်လိုင်းလက်ဖက်ရည်ဆိုင်
WWW.MMTEASHOP.COM

## ပင်လယ်

မြစ်တွေက

ငါ့ဆီကျမှ

ချစ်ခြင်းဆုံခွင့်ရသတဲ့ … ။

ငါကတော့ အဖော်မဲ့ပေါ့။ ။

နီမာရှင်း

## *The Sea*

All the rivers have a chance

To love each other

When they reached in me.


As for me!


How lonely I am!

*Ni Mar Shin*

*Translated by Nyi Sin Thit*

မြန်မာအွန်လိုင်းလက်ဖက်ရည်ဆိုင်
WWW.MMTEASHOP.COM




မေငြိမ်း
နီမာရှင်း
ဒဏ္ဍ
ခိုင်မြ
ရဲထွန်း (လှိုင်)
လူသွေး
နေလင်း
ရဲလွင်
လူမျိုး
မောင်နန္ဒ
နေဆူးသစ်
မိုးသွေး (၁၉၇၁-၁၉၉၂)
ညီဆင်းသစ် (၁၉၇၁-၂၀၁၂)
သရဝဏ် (ပြည်)
ကောင်းထက်ညွန့်
ကျော်ဇောခိုင်
ညလယ်မိုး
သန်းဝင်းထွန်း
တင်မင်းထက်
စမ်းသီတာ
မနော်ဟရီ
မာန်သစ်နိုး
ကိုရ
ဇေထက်
ရှင်ဒေဝီ
သီဟ
တစ်မိုးထဲအောက်မှာ
တက္ကသိုလ်အမှတ်တရ
ကဗျာများ